# ရခိုင်မင်းသား

ဦးစန်းမောင်

Pdf by http://ngalone.wordpress.com

# ရခိုင်မင်းသား

ဦးစန်းမောင်

နံပါတ်-၂၅၂-ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့၊

၁၉၄၆

# နိဒါန်း

မြန်မာလူမျိုးများသည်။ နိုင်ငံရပ်ခြား တိုင်းတပါးသို့ သွားရောက်နေထိုင်၍ လုပ်ကိုင်စားသောက်တတ်သူ မရှိဟု စွပ်စွဲပြောဆိုခြင်းကို ခံရဖန်များပေပြီ၊ မှန်သလောက်လည်းမှန်ပေ၏၊ အလျဉ်းမရှိဟူ၍ကား မဟုတ်ချေ၊ နိုင်ငံချင်းကိုစွန့်ခွာလျက်။ တိုင်းတပါးတွင်ကိုယ့်အိုးကိုယ့်အိမ်သဖွယ် အတည်တကျ နေထိုင်လျက်ရှိသော ဒေသများကား၊ ဘင်္ဂလားအဝကျွန်းများ၊ ပသျှူးကျွန်းဆွယ်ရှိ ထိုင်းကော်လိုနီ၊ အင်ဒိုချိုင်းနားအဝင်အပါ-ပိုင်လင်းကော်လိုနီ၊ ယိုးဒယားမြောက်ပိုင်း၊ ဇင်းမယ်နယ်၊ အသယ်ပိုင်း အယုဒ္ဓယမြို့အနီး တလိုင်းရွာကြီးများ စသဖြင့်။ မြန်မာများ နေထိုင်လျက် ရှိသော အဝေးရောက် မြန်မာတို့၏အကြောင်းအရာများကို၊ သူရိယမဂ္ဂဇင်း၌ လက်ထောက်အယ်ဒီတာအဖြစ် ထမ်းရွက်နေစဉ်၊ ဆောင်းပါးသတင်း စသည်တို့မှ၎င်း၊ သုခတသနအသင်းသားအဖြစ်ဖြင့်၎င်း၊ လန်ဒန်မြို့ အာရှတိုက်ရေးရာ အသင်းတော်သား အဖြစ်ဖြင့်၎င်း၊ ဝင်ရောက်ခါ ဆည်းပူးလေ့လာရှာဖွေနေဆဲ။ ပင်လယ်ရပ်ခြားဒေသသို့ သွားရောက်စွန့်စားခဲ့သော "ဒေါင်မာတင်" အမည်ခံ ရခိုင်မင်းသား အထုပ္ပတ္တိ ကို တွေ့ရှိရာ၊ "အဝေးရောက် မြန်မာများ" ဝေဘမ်း ပြည့်စုံမိအ.တွင်း "စေ

# နိဒါန်း၊

ကာခ” စာအုပ်ကြီးပါ ဆောင်း ဘာဆောင်းတို့ သီးခြားထုတ်နှုတ် ရိုက်နှိပ်ခြင်းဖြင့်၊ နိုင်ငံရေးမှ ဖခွါလျက်၊ ငွေနှ သလို သေ စိတ်ဓါတ်ပေးသွင်းရေးကိုရင်း။ အမျိုး၏ စာသိ ာနှို ွရေး ကိုရင်း၊ အ ကူအညီဖြစ်စိမ့်သောငှါ၊ ရေးသားလို ် ခြင်း ဖြစ်ချာ၊ ဖတ်ရှုမှတ်သား အတုယူနိုင်လိမ့်မည်ဟု မြော်လင့် ရပေကြောင်း၊

စန်းမောင်

အမှုဆောင်အယ်ဒီတာ။

သံတော်ဆင့်သတင်းစာ။

၅-၂-၄၆

# ရခိုင်မင်းသား

ဒေါင်မဲဘင်ဘား မည်သူနည်း။ ပေါ်တူဂီတို့၏ အကူအညီဖြင့် ရခိုင်ထီးနန်းကို စိုးစံလိုသော ပေါ်တူဂီအမည်ယူထားသည့် ရခိုင်မင်းသားတပါးဖြစ်လေသည်၊ ထိုမင်းသားငယ်ပေါ်ပေါက်ချိန်၌ ရခိုင်ပြည်တွင်၊ မင်းရေးဇာတ်ကြီးနန်းဝံ ပျက်ရှိပေသည်၊ ရခိုင်မင်း၏ ဘုန်းတန်ခိုးသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတည်းဟူသော ဂင်္ဂါမြစ်ဝှမ်းမှသည် ဧရာဝတီ မြစ်အဝှမ်းသို့တိုင် အာဏာစက်လွှမ်းမိုးလျက်ရှိရာ၊ ပေါ်တူဂီအမျိုးသားတို့သည် ဘုန်းတော်ရိပ်ကို ခိုလှုံကာနေထိုင်လျက်ရှိကြ၏၊

ဤသို့ ခိုလှုံလျက်ရှိသူ ပေါ်တူဂီများအနက်၊ ကုန်းတပ်တွင် ထမ်းရွက်သူ၊ ရေတပ်တွင် ထမ်းရွက်သူ၊ ခံတပ်မြေကတုတ် မြို့ရိုး လုပ်တတ်သူများမှစ၍၊ အမျိုးမျိုး အမှုတော် ထမ်းရွက်နေသူများလည်းရှိ၏၊ ဘုရင့်အမှုတော်ကို မထမ်း မရွက်မူ၍၊ ကုန်ကူးသန်း ရောင်းဝယ် ဖေါက်ကားလိုသော ပေါ်တူဂီများကို၊ စစ်တကောင်းမြို့အနီးဒယင်ဂါး အရပ်၌၊ ရခိုင်မင်းက နေထိုင်ခွင့်ပြုထားသူများလည်းရှိလေသည်၊ ဤပေါ်တူဂီများသည်၊ ရခိုင်မင်း၏ နယ်စပ်ကို မဂိုမင်း၏ ဘေးအန္တရာယ်မှ ကာကွယ် ပေးပါမည် ဟူသော

ပဋိ ညာဉ့်သဘော တူညီချက်ပေးထား ရလေသည်။ မရိုမင်းသည် ဘင်္ဂလား နယ်ကြီးကို၊ ၁၆၁၀ ပြည့် နှစ် တွင် သိမ်းပိုက်လိုက်သောကြောင့်၊ မရိုမင်း၏ ပိုင်နက်မှာ စစ်တကောင်းနှင့် ယှဉ်ပြိုင်လျက်နီးကပ်နေ၏။ ဟူဂလီမြစ်ဝကျွန်းပေါ်ဒေသတွင်လည်း၊ မရိုမင်း၏ အရိပ်အာဝါသကို မှီခိုကာနေထိုင်သော ပေါ်တူဂီများ တွေ့ရှိလေသည်။ ရခိုင်မင်း၏ ပိုင်နက် ဖြစ်သောစစ်တကောင်းမြို့နှင့်မိုင်-၃၀-မျှကွာဝေးသော အရေးပါ အရာရောက်သည့်၊ ဆန္ဒွစ်ကျွန်း၌လည်း ပေါ်တူဂီများ နေထိုင်လျက်ရှိ၏၊

## ရခိုင်နန်းတွင်းရေး

ရခိုင်ပြည်၏ဘုရင့်နောင်ဟူ၍တင်စားခေါ်ဝေါ်လောက်သော မင်းရာဇာကြီးသည်၊ ၁၅၉၃ ခုနှစ် (မြန်မာ-၉၅၅) တွင် နန်းတက်လေသည်၊ မင်းရာဇာကြီးတွင်† ဩရသားကြီးငယ်-၂၀-ရှိသည့်အနက်၊ မင်းခေါင်၏ သမီးဖြစ်သောပဒ္မလစန္ဒာတွင်သားတော်မင်းနန်ကြီးမျက်နှာတော့နှင့်မင်းခမောင်းကို ဖွားမြင်၏။ တန့်ဆောင် မိဖုရား တွင်ကား၊ မင်းကြီး မိုးပေါက်နှင့် ပရိဝဏ္ဏ သင်္ခါရဒေဝီတို့ကိုဖွားမြင်သည်။ မင်းခမောင်းကား အိမ်ရှေ့ စံဘဝ နှင့်နေပြီးသော်၊ ခမည်းတော်၏အမိုက်အမှားကို ဆင်ခံရလေသည်။ မင်းနန်ကြီးမိုးပေါက်

† ဘောကျော် ဆရာတော် ရေးသားသော ရခိုင်ရာဇဝင်သစ် ဒုတိယအုပ် မျက်နှာ ၁၄၆ တွင်၊ မိဖုရား စာရင်း အကျယ် တွေ့နိုင်လေသည်။

ကား စစ်တကောင်းမြို့ ကို စားခဲ့လေသည်။ (မောင်ကြီးရိုးပေါက်ဆိုသော စကားနှစ်လုံးကို ချွင်းချန်လျက်၊ မင်းခေါင်ကြီးဟူ၍ရှေ့ တွင်ရေးသားမည်)မင်းမောင်ကြီးတွင်သမီး-၂ ယောက်နှင့်သားတော်တပါးထွန်းကားရာ၊သားတော်မှာ* ဒေါင်မာတင်အမည် ခံယူလတံ့သောသူပင်ဖြစ်သတည်း။ သားတော် မင်းခမောင်းကို မင်းရာဇာကြီးက အိမ်ရှေ့စံ ဥပရာဇာ အရာတွင် ထား၍၊ သားတော် မင်းမောင်ကြီးကို၊ ၁၆၀၀ပြည့်နှစ်(၉၆၂)ခုတွင်၊ စစ်တကောင်းမြို့စားအရာ ပေးသဖြင့်၊စစ်တကောင်းမြို့သို့သွားရောက်နေထိုင်ရ၏၊သို့သော်မင်းခမောင်းနှင့်မသင့်မတင့်ဖြစ်ကြ၍၊စစ်တကောင်းမြို့ကိုခိုင်ခံ၍ သားတော်၊ သို့မဟုတ် တူတော် တပါးအား ပေးလိုက်၏။

မင်းကိုသတ်ဖြတ်နိုင်လျှင် မင်းအဖြစ်ကိုရသည့် ထုံးဟောင်းသာဓကများ ခိုင်လုံစွာရှိသည့်အလျောက်၊ နန်းရိပ်ထီးဖြူကိုလုယူမှုများ မကြာမကြာဖြစ်ပွါးခဲ့သည့်နည်းတူ ရခိုင်ပြည်မှာသည်း ၁၆၀၅ ခု[၉၆၇]ခုနှစ်တွင်၊ မင်းရာဇာမင်း၏သားတော်မင်းခမောင်းသည်း ခမည်းတော်ကို ပုန်စားလေ၏။ ပုန်ကန်ပုံကား-မင်းခမောင်းသည် ထိုးလောင်းတော်၏ ကသိုလ်တော်များဖြစ်သော၊ ဆံတော် အံတော်နံ့တော်-ဘုရားသုံးဆူသို့သွားရောက် ဖူးမြော်လို

---

* ၁၉၂၆ခု၊ ဧပြီလ သုတေသနဂျာနယ်အတွဲ ၁၆ ပဋ္ဌမပိုင်းမစ္စတာ မောရစ်ကော်လစ်ရေးသားသော“ဒေါင်မာတင်ဆောင်းပါး”မှရသည်။

ကြောင်းနှင့်ခွင့်ပန်ပြီး သံတွဲသို့ ချီတော်မူခဲ့ရာ၊ သံတွဲသို့ ရောက်လျှင် တလိုင်းလူမျိုး ဘုရားကျွန်တို့၏ အကြီးအမှူး ဖြစ်သော၊ ကုလားခေါင်း-အင်ရော-မတုလာ-နေဒပ်-ကာဒ်ါ ငါးယောက်တို့က၊ "ခမည်းတော်သည် အသက်အရွယ် လည်း ရင့်ပြီ။ သားတော် သမီးတော်သည်းအများရှိသည်၊ ခမည်းတော် နတ်ရွာစံလျှင်၊ နန်းလုပွဲဖြစ်မည် မချွတ်၊ ထို့ကြောင့် ခမည်းတော် မလွန်မီ နန်းတက်ပြီးသော၊ ခမည်းတော်အား သက်နန်းနှင့်ထားရပါမူ၊ လောကသံသရာ နှစ်ဖြာသောအကျိုးများဘွယ်ရှိပါသည်" ဟု လျှောက်သော စကားကိုနားဝင်လျှက်၊ ဘုရားကျွန်များကို-တပ်ဖွဲ့စည်း ပြီးလျှင် ခမည်းတော်အား နန်းချရန် ချီတက်လာကြလေ သည်၊ ထိုသတင်းကိုမင်းရာဇာကြီးကြားသောအခါ၊ ကုန်း ရေနှစ်ဘက်သွင်၍ချီတွက်ခဲ့ပြီးသော်။ ငဇောင်မိုင်း ကျွန်းသား မြို့မှ ထီးကြီးရုံးရာ။ အိမ်ရှေ့မင်း တပ်ပျက်လျှက် စစ်ရှုံး သော၏။

မင်းမောင်ကြီးမှာ၊ အိမ်ရှေ့စံခင်းခမောင်းနှင့် မသင့် မတင့်သည့် အတွက်၊ မိမိ၏စည်းစိမ်မှ လျော့ကျသည် လည်းတကြောင်း၊ ခမည်းတော်ကဲ့သို့သောကျေးဇူးတော် ရှင်ကိုစဉ့်လျက် ဖြစ်မှားသူကား၊ ငါကဲ့သို့သော ညီတော် ကို၊ ခမည်းတော်လွန်လျှင်၊ ဘေးဒုက္ခပေးမည် မချွတ်ဟု နှလုံးပိုက်မိသည်သည်းတကြောင်း၊ ထို့ကြောင့် အားကိုး အားထားပြုရန် မဟာမိတ်ရှာဖွေရလေသည်။ ဤသို့မဟာ

မိတ်ဖွဲ့ရာရောတွင်။ ဒယင်းဂါးကျွန်းကြီးရှင်သာလျှင် အားထား မှီခိုရာဖြစ်တော့သည်ဟု တွေ့မြင်ရသဖြင့်။ တီဗျူးထံမဟာ မိတ်ဖွဲ့ရန်စေလိုက်လေ၏။

### သွေးဖြင့်နှောင်ဖွဲ့သောမဟာမိတ်။

တီဗျူကား။ ရခိုင်နန်းရိပ်ထီးဖြူကိုအရ ချူခန်စိတ်ကူး လျှက်ရှိရုံမျှမက။ ဒယင်းဂါးကျွန်း အရေးတော်ပုံကြောင့် အခဲမကျေနိုင်ရှိနေရာ။ ဤသို့အခွင့်ကြုံလာသဖြင့်။ နှစ်သက် ကြည်ဖြူစွာပင် မဟာမိတ် ဖွဲ့ရန်သဘောတူညီလေသည်။ သို့ဖြင့်–မဟာမိတ်နိုင်မြဲသည်ထက် နိုင်မြဲစေရန်၊ တကျွာ တည်းဟူသော နှောင်ကြိုးနှင့်ဖွဲ့ချည် လိုက်ခြင်းအားဖြင့် ရေသက်ပန်မဟာမိတ်အဖြစ်သို့ ရောက်ရှိမည့် အရေးကို မျှော်တွေးတောက်ဆလျှက်မိမိ၏သမီးအကြီး နှင့်တီဗျူး၏ သားကိုသင့်ဆက်ရန်စကားကမ်းလိုက်လေသည်။

ထိုသို့သားကိုကြံသောအခါ။ တီဗျူးမှာ မဟာဆုရေး တော်ကြီး ရရှိသူအလား။ ရခိုင်ပြည့်၏သီ ဖြူသည်၊ မိမိသား အား ... ကျက်သည့် လမ်းစပင်ဖြစ်တော့သည်ဟုနှ၍။ နှလုံး ဖြူသောပြီး ... သဘော တူလိုက် လေသည်။ ခရစ် သက္ကရာဇ် ၁၇၀၀ ပြည့်နှစ်တွင် ဆိုခဲ့သောကပ္ပိမှုများ ဖြစ် ပွါးလျှက်ရှိရာ။ မင်းမောင်ကြီး၏ သားတော်မှာ ထိုစဉ်က အသက် ၄ နှစ်သားအရွယ်မျှသာရှိသေး၏။

တီဗျူ၏သား နှင့်မင်းမောင်ကြီး၏သမီးဘိုကို၊ ရလျှေးခရစ် ပတ် လက်မထပ်ရသေးမီ အတွင်း၊ ရခိုင် မင်းသမီးကို

ဘုရင်ကြီးဘာသာသို့ ဘွတ်သွင်းကူးပြောင်းရန် လိုအင်သဖြင့် ဖါးသားရာဖီးဆိုသူ။ ဘုရင်ဂျီဘုန်းကြီးအား။ စစ်တခေါင်းသို့ စေလွှတ်ကာ။မင်းသမီးအား ဘာသာကူးပြောင်းစေပြီးမှ။ မိမိတို့နေထိုင်ရာ ဆန္ဒစ်ကျွန်းသို့ ခေါ်ဆောင်သွားရန်စီစဉ်ရ၏။ ဖါးသားရာဖီးကား။ ရခိုင်လူမျိုးများနှင့် ပေါင်းသင်းဆက်ဆံခဲ့ရသော ရဟန်းများသဖြင့်။ ရခိုင်စကားကို ကောင်းစွာ ပြောဆိုနိုင်သူ တဦးဖြစ်ပေသည်၊ရခိုင်လူမျိုးများ၏ချစ်ခင်ယုံကြည်ခြင်းကိုလည်း ခံရသူတဦးဖြစ်သည့်အလျောက်၊ဤကိစ္စတွင် အသင့်တော်ဆုံးသောပုဂ္ဂိုလ်ဖြစ်ပေသည်။

တိဗျူးသည် ဖါးသားရာဖီးအား-ခမ်းနား ဝင့်ဝါစွာသွားစေလိုသောဆန္ဒ ပြင်းပြစွာရှိသော်လည်း။ဘုန်းကြီး၏စိတ်ထားမှာမူ။သာသနာရေး စိတ်ဓါတ်ထက်သန်သူ ဖြစ်သည့်အတွက်။အတန်အသင့်မျှဖြစ်သော အခမ်းအနားကိုပင်၊အကျိုးမလိုလားချေ။ မထင်မရှားနှိမ့်ချသော စိတ်ထားဖြင့်သာ သွားလို၏။တိဗျူးကား။ သရက်တဲ့သို့သောအခါမျိုးတွင်မထင်မရှားအညတြအနေမျိုးဖြင့် မသွားသင့်ပါ။ မိမိတို့အခွင့်ရှိသမျှ ခံ့ညားထည်ဝါစွာ သွားမှသာလျှင်ပေါ်တူဂီအမျိုးသားတို့၏ဂုဏ်ကြက်သရေကို မြင့်တင်ရာကျမည်ဖြစ်ကြောင်းများကို၊ နားချပြောပြခဲ့သော်လည်းဘုန်းကြီးသည်နားမဝင်ဘဲ။တင်းမာလျက်ရှိသည်သာမက။နောက်ဆုံးတိဗျူ၏ အစီအမံဖြစ်သော သင်္ဘောကြီးတွင်အလိ

များထွင့်သူခါ။ ဘင်ခရာတီးမှုတ်လျှက်။ စစ်တကောင်းမြစ်တွင်းသို့ဝင်ရန်ကိုပင် လက်မခံချေ။

ဘုန်းကြီးအား။ မည်သည့်နည်းနှင့်မျှ နားသွင်း ဖြားယောင်းလှည့်ပတ်၍ မရနိုင်သည့်၏အဆုံး၌။ ဘုန်းကြီးကြို့ကန်နှစ်သက်သကဲ့သို့။ လှေငယ်တစင်းတွင် နောက်ပါတဦးတည်းနှင့်ပင် သွားရန်တိဗ္ဗူးသဘောတူလိုက်ရလေ၏။ သို့သော် တိဗ္ဗူးသည်ပရိသာယ်များသူဖြစ်၍။ မိမိ ဖြည့်ဝရန် ဘုန်းကြီးအပေါ်တွင် မည်သို့လှည့်စားရမည်ကိုအကြံထုတ်လျှက်ရှိလေ၏။ အခမ်းအနားမပါဘဲ။ အေးဆေးစွာထွက်ခွါသွားသော ဘုန်းကြီး၏လှေသည် လိုရာစခန်းသို့ ရောက်သောအခါ။ ဘုန်းကြီး၏ လှေအသျှင်ကြိုတင်၍ရောက်နှင့်ရန်ဖြတ်လမ်းကထွက်ခွါခဲ့သော။ ခမ်းနားကြီးကျယ်သည့်လှေကြီး ၁၀-စင်းသည်။ လှပခမ်းနားစွာတန်းဆာဆင်ယှက်အလံတခွင့်ဝင့်နှင့် ကျောက်ချလျှက်ရှိသည်ကို ဘုန်းကြီး တွေ့မြင်ရလေတော့၏။ သို့ လှေများ၏ အကြီးအမှူးဖြစ်သူ။ သဘောအုပ်က ....“ဆန်ဒွစ်ကျွန်းကြီး အချင်တိဗ္ဗူးလျှောက်ကြားအပ်ပါသည်ဘုရား။ ယခုအခါသည်ကား။ ပေါ်တူဂီအမျိုးသားတို့၏ ငှက်ကြွက်သရေကိုအရှေ့တိုင်းသားတို့၏ မျက်မှောက်တွင်-ပြသရန်အထွန်းလျော်ကန်သင့်သောအခါကောင်းကြီးဖြစ်ပါ၍။ စစ်တကောင်းရှိသို့ အခမ်းအနားနှင့် စင်ပါမည့်အကြောင်းပန်ကြား အပ်ပါသည်ဘုရား” ဟု ရေးသားပို့ဆက်လိုက်

သောစောကိုဘတ်ရှုရလျှင် တဓိမ္မူးမှာည့်ပတ်ချော်ပြီ တကား ဟု ယူကြီး မရဖြစ်ပြီး ငြင်းဆံရန် စိတ်နှလုံး ဒုံးဒုံး ချလိုက်သောသည်။ အဝတ်ဆင်တူ ဝတ်ဆင်ထားသော ဘင်ခရာ တဓိမ်းမှုတ်သည့် ဒိုင်းတော်သားများက၊ သာယာငြိမ့်အေး နားဝင်လေးအောင်၊ တဓိမ်းမှုတ်လျက် တော့ကြီးများမှလည်း အမြောက်များ ပစ်ဖေါက်ကာ ကုန်းသို့တက်ရန် အချက် ပေးလျက်ရှိနေပြီဖြစ်သောကြောင့် အခက်ကြီးလေ၏။ သိပ် ကမ်းသို့လာရောက်ကြိုဆိုလျက်ရှိသူများကလည်း၊ ဘုန်း ကြီးသည်ကုန်းသို့ မတက်သေးဘဲ၊ အဘယ်အကြောင်း ကြောင့် နှောင့်နှေး ကြီ့ကြာလျက်ရှိပါသနည်းဟု တွေး တောလျက်ရှိ၏။

ဘုန်းကြီးလည်း မိမိ၏တော့ပေါ်မှကုန်းသို့ကပ်၍၊ တက် ရန်မဖြေနိုင်သည်ကို သိသောအခါ၊ စိတ်လေးလေးဖြင့်၊ သင်္ဘောအုပ် စီးနှင်းလာသောတော့သို့တက်ပြီးမှ၊ ကုန်းသို့ တက်သွား လေတော့သည်။ ထိုအခါ တူရိယာအဖွဲ့မှ လည်း ကြေးမှမ်းနှင့်အချပ်ကျူမေရန် တဓိမ်း မှုတ် လျက်ရှိလေ သည်။ စိတ်နှင့် နေကြကုန်သော၊ ပေါ်တူဂီ တို့သည် လည်း၊ ညီတညာတည်း ဆလံ ပေး ကြပြီးသောအခါ၊ လာရောက်ကြိုဆိုသော မင်းပရိသတ်နှင့် ရှိသား ပရိသတ်အား၊ ဘုန်းကြီးနှင့် ဝိတ်ဆက်ပေးသူ ဘား။ မင်း မာန်ကြီး၏ ကိုယ်စားတော် အရာရှိကြီး တဦး ဖြစ်လေ သည်။ ဘုန်းကြီးလည်း ပရိသတ်နှင့်အတူ၊ ရှုဝေးဝေး

မင်းလမ်းမကြီး ဆီသို့ လျှောက်သွားလေရာ၊ ဆင် ၁၁-စီး အရ သင့်စောင့်ဆိုင်းလျက်ရှိသည်ကိုတွေ့ရပေ၏။ ရှေ့ဆုံး မှ ရွှေကြိုး ရွှေကများနှင့် အထူးတလည် တန်ဆာဆင် ထားသော ဆင်ကြီးကား၊ ဘုန်းကြီးစီးရန် ရည်ရွယ်ထား လေသည်။ ရေဒင်ပြည့်ခံမဏ္ဍပ်-ပြည့်ခံပွဲ၌ ပရိသတ် နှင့် မိတ်ဆက်စဉ်တဦးကိုတဦး အပြန်အလှန်ဆလံပေးရသည့် အတွက်ဘုန်းကြီးမှာ ပင်ပမ်းနွမ်းနယ်လျက်ရှိလင့်ကစား၊ ရွှေကကြိုးနှင့်ဆင်ကြီးအနီးသို့ ရောက်သောအခါ၊ ဆင်ဦး စီးကဆင်ကိုဒူးထောက်ရန် အချက်ပေးခါ၊ ထီးငယ်တ လက်ကိုမိုးကာပေးသော်လည်း၊ ဘုန်းကြီးကား၊ မူလကပင် လျှင် အခမ်းအနားကိုတတ်အားသမျှ ရှောင်ကွင်းမည်ဟူ ၍၊ သန္နိဋ္ဌာန်ချခဲ့သည်နှင့်အညီ၊ ဆင်မစီးဘဲ ခြေလျင်ပင် မြို့တွင်းသို့ ဝင်ခဲ့၏။ သို့ဖြစ်သောကြောင့် အားလုံးသော ပေါ်တူဂီများသည်လည်း နန်းတော်အထိ ခြေလျင် လိုက် ပါ ရလေတော့၏။ မြို့သူမြို့သား တို့မှာလည်း၊ ဆင်မစီးဘဲ ကြွလာသော ဘုန်းကြီးကိုမြင်လျှင်၊ နှိမ့်ချသော စိတ်ထား ကို သိမြင်ကာ အရှိအသေတိုးတက်လျက်ရှိလေသည်။

မင်းခေါင်ကြီး လည်း၊ မြို့ရိုး၏ တတိယ တံခါးသို့ လာ ရောက် ကြိုဆိုကာ၊ ရဟန်းမင်းများအား၊ အရှိအသေပေး သည့်နည်းအတိုင်းလေးစားသမှုပြု၏။ နန်းတော်သို့ ရောက် သောအခါ၊ မင်းခေါင်ကြီး၏ သားသမီး-၃-ဦးအား၊ ရှေ့ တော်သို့ ခေါ်ငင်ခါ ပြသ၏။ ဤ သားသမီး-၃-ဦးအနက်

တဗ္ဗျူး၏ သားနှင့် လက်ဆက်မည့် အကြီးဆုံးသော သမီးတော်အား၊ ဘုန်းကြီးက "ဘုရင်္ဂီဘာသာသို့ ကူးပြောင်းလိုသောစိတ်မှာ မိမိအလို အလျောက် ပင်လော၊ သူတပါးနားချ ဖျောင်းဖြသည့် အတွက်လော" ဟု မေးရာ၊ မင်းသမီးက "မိမိသဘောအလျောက်ပင် ဖြစ်ပါသည်" ဟု ဖြေကြားလိုက်လေသည်၊ ထိုအခါ မင်းခေါင်ကြီးသည်၊ မိန်းမစိုး (အနောက်ဝန်) အားရှေ့တော်သို့ဝင်စေပြီးလျှင်၊ ဘုန်းကြီးကိုသမီးတော်အဆောင်တော်သို့ အချိန်မရွေး ဝင်ထွက်သွားလာခွင့်ပေးရမည်ဟု အမိန့်တော်မြွက် မှတ်လေသည်။ ဤခွင့်ပြုချက်အရ၊ သမီးတော်၏ အဆောင်သို့ ဝင်ရောက်ပြီးတရားဓမ္မကြာမကြာဟောပြောရလေ၏။ ထို့နှင့် ရက် အနည်းငယ်ကြာလျှင်၊ မင်းခေါင်ကြီးသမီးကို ဆန်ဇွစ် ကျွန်းသို့ခေါ်ဆောင်၍ သဘင်ကြီးတွာခံလျက်၊ လက်ထပ်လိုက် သဖြင့်၊ တဗ္ဗျူးနှင့်မင်းခေါင်ကြီးတို့သည်၊ သွေးဖြင့် နှောင်ဖွဲ့သောမဟာမိတ်အဖြစ်သို့ရောက်သွားကြလေသတည်း။

## မင်းခေါင်ကြီးပုန်ကန်ပြီ။

မင်းရာဇာကြီးသည်၊ မိမိသားတော်မင်းခမောင်းအားမင်းခေါင်ကြီး ပြုမူမှုတို့သည်၊ သမီးပေးသားယူ အဆွေခင်ပွန်းများအဖြစ်သို့ရောက်နေသည်အတွက်၊ လျှော်လျှော်မထားရန်၊ နှိုးဆော်ထားနှင့်၏။ လက်ထပ်မင်္ဂလာပွဲပြီး၍၊ ၁၈–လကြာသောအခါ၊ မင်းခေါင်ကြီးပုန်ကန် လျက်၊ မိမိသည်ရခိုင်မင်း၏ကျေးဇူးသစ္စာတော်နှစ်ပါးကိုမခံတော့ပြီ။ မြောက်ဦး

ဗြူနန်းကျံအာရ တိုက်တော့မည်ဟုကျေညာလိုက်လေသည် မင်းမာန်ကြီးသည်၊ တံဗျူးကိုအမှီသဟဲပြုရ၍၊ ထကြွဇုန်ကန်သောအခါ၊ ၎င်းအားနှိမ်နင်းပြုဖျက်ရန်တာဝန်မှာ၊ အိမ်ရှေ့စံဥပရေဇာ၏တာဝန်ဖြစ်သည့်အလျောက်၊ အလုံး အရင်းနှင့်ချီတက် ဝန်းရံရလေသည်၊ ဤသို့ဝန်းရံမည့်အရေးကိုလည်း တင်ကြိုသိမြင်သဖြင့်၊ တံဗျူးထံဝင်ကူတောင်းရာ၊ ပေါ်တူဂီစစ်သား-၄၀၀-မျှ ရသည့်အတွက်၊ စစ်တကောင်းမြို့ကို အလုံပိတ်ဆို့ခုခံနေခဲ့ရာ၊ လေးလကြာသောအခါ၊ စားရေရိက္ခာပါးရှားလာလေ၏၊ ထိုအခါ မြို့တွင်းရှိရခိုင်စစ်သားများသည်၊ မိမိတို့ကြာရှည်မရခံနိုင်၊ ဧကန်ပင်အရေးမသာ ဖြစ်တော့မည်ကို သိမြင်သောအခါ၊ မိတ်အားလျော့ပြီးလျှင်၊ "ကျွန်ုပ်တို့၏မင်းသား မင်းမာန်ကြီးသည်၊ ဒိန္နာ လူမျိုးတို့နှင့် နှလုံး ဝင်လျက်၊ မင်းအရေးကြီးကိုပင် ပုံ စားလျက် ရှိသောကြောင့်၊ မင်းသား၏ အမှု တော်ကို မထမ်းရွက်လိုပါသော်လည်း၊ ပေါ်တူဂီဗိုလ်မှူး များ ကွပ်ကဲစီးလျက် ရှိသော ကြောင့်သာလျှင်၊ အရှင့်သားထံ တော်မှောက်သို့မရောက်နိုင်ဘဲရှိကြရပါသည်" ဟုမင်းခမောင်းထံသို့ ငှက်ငှာ စာရေးပို့ဆက် လိုက်သောအခါ၊ မင်းခမောင်းသည်း ပေါ်တူဂီ ဗိုလ်မှူးများအထံသို့ ပေါ့လျော့၍ လွှတ်မြောက် သွားရ လေဟန်ဖြင့်၊ ထွက် ပေါက် လမ်း ပေး ရန် တန်ရိုး ပေး ပါ သော် လည်း၊ ထွက် ပေါက် မ ရ နိုင် သောအခါ၊ ရှေး ကထက် ဆထက်တံပိုးတို့ ကာတိုက်

နိုက် လျှက် ရှိ လေ ၏။ မင်းမာန် ကြီး သည့်မိမိရဲမက်တော် များ သည် စား ရေ ရိ ကျွာ ရှား ပါး သည့် အတွက် စိတ် အားလျော့ကြပြီဟူသော သတင်းကိုကြားသောအခါ။ စိတ် အားတက်ကြွလာစေရန်အရေးကိုရှေ့ရှုလျက်။ မိမိကိုယ် တိုင်။စစ်ဗိုလ်များနှင့်အတူ မြို့ရိုးပေါ်သို့တက်ပြီးလျှင်၊ စစ် ရေးစပ်ရေးများကို စီမံခန့်ခွဲလျက်ရှိပေ၏။ ထိုသို့ ရှိနေနိုက် ရန်သူ့ဘက်မှပစ်လိုက်သော ကျည်ဆံတခုမှသေလောက် သည့်ဒဏ်ရာ ရရှိသည့်အတွက်။ နန်းတော်သို့ အဆော တလျှင် ချီပိုးဘူမလျှက် ယူဆောင်သွားရလေ၏။မင်းမာန် ကြီး၏ဘက်တော်သား ရဲရင့်များ။ စိတ်ဝမ်းငယ်ကြပြီဖြစ် သော်လည်း။ပေါ်တူဂီတို့ကား မင်းမာန်ကြီးအနိဌာရောက် ခဲ့သော်-သားမယားတို့ ဒုက္ခကြုံတွေ့မည့်အရေးကို စိုးရိမ် မကောင်းဖြစ်ကြသဖြင့်။ မဆုတ် မနစ်သော လုံ့လဖြင့်ခုခံ တိုက်နိုက်လျှက်ရှိလေ၏။

မင်းမာန်ကြီး၏မြို့ကား-ဘျူလေပြီ။မြို့ကျရှုံးခြင်းသည် သားတော်-သမီးတော်များ၏ကံကြမ္မာကိုပါ ဆုံးဖြတ်ပေး သည်နှင့်တူပေတော့မည်၊သို့ဖြစ်ခြင်းကြောင့် မြို့ကိုမပေး မအပ်မူ၍။ကလေးများ၏အသက်ကိုကယ်ဆယ်ရန်တိဗျူး စိတ်ကူးထုတ်ရချေ၏။ မင်းမာန်ကြီးနှင့် မင်းခမောင်းတို့ လည်း။ မသင့်မမြတ်သူများဖြစ်သည်ကို အကြောင်းပြု လျက်။မင်းခမောင်းသည်ကလေးများ၏ အသက်ကိုလည်း အသနားရယ်ပေးချေတော့မည်ဟု တိဗျူး မှုပန်လျက်ရှိပေ

သည်။ထိုထက်ကြီးသော ရည်ရွယ်ချက်တခုကား၊ မင်းသား မင်းသမီးများ ကြီးပြင်းလာသောအခါ၊ မိမိ၏အင်အားသည် အထိုက်အလျောက် ခိုင်မြဲသောအခြေအနေမှာ ရှိပေလိမ့်မည်၊ ထိုအခါဆင်ဖြ၍ သန်တောင်းသူအလား ရခိုင်နန်းကိုအရ တိုက်ခိုက်ယူငင်ခါ၊မိမိသားတော်ကိုနန်းတင်ရေးအတွက် အကူအညီဖြစ်စေနိုင်ရန် ရည်ရွယ်ချက် ရှိသောကြောင့် ဘုန်းကြီးရဟန်းအား၊ကလေးများကိုကယ်ဆယ်ရန်တာဝန်လွှဲလိုက်လေသည်၊

ဘုရင်ကျိဘုန်းကြီး ဖါးသားရေ့ ဗီးလည်းကလေးသူငယ် လူမမယ်နှစ်ဦး၏အသက်ကိုကယ်ဆယ်ရမည့်အရေးကို ဝမ်းမြောက်ဝမ်းသာစွာနှင့် တာဝန်ယူလျက် မင်းခမောင်း၏ တပ်ကိုသူတောင်းစားအသွင်ဖြင့်၊ဖြတ်သန်းလာခဲ့လေ၏၊ မြို့တံခါးဝ၌ ပေါ်တူဂီစစ်သားများနှင့်တွေ့လျှင်၊ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်း ပြောပြသောအခါ၊ လွယ်ကူစွာနှင့် ဝင်ခွင့်ရပြီးနောက်၊မိန်းမစိုးလက်ကဘုန်းကြီးအား အပ်ခါရှေ့တော်သို့ဝင်စေရာ၊ မင်းမာန်ကြီးအား ဘုရင် ဂျှိဘာသာသို့ ကူးပြောင်းသွတ်သွင်းပြီးမှ အနိစ္စရောက် စေမည်ဟု-ဘုန်းကြီး အားခဲ ပြောဟော ရှာသေး၏၊ သို့သော် အနာသည်းနေသည့်အတွက် အလျှဉ်း သတိမရ တော့သဖြင့်၊မူလကိုးကွယ်ရင်း ဘာသာနှင့်ပင် ကွယ်လွန် သွားလေသည်၊

## မင်းမခန့်ကြီး၏သားနှင့်သမီး။

ဒိဗရားကြီးသည် မိမိရှိရို အားထားရာ တောင်ကြီး ပြိုကွဲလေပြီဖြစ်ရကား၊ အားကိုးရာမဲ့ဘဝသို့ ရောက်နေ သဖြင့်၊ သည်းခြေပြတ်မျှ ပူဆွေးငိုကြွေးလျှက်ရှိရာ၊ ဘုန်း ကြီးက သည်းခံရန် မေတ္တာရပ်ခံရလေသည်၊ ဘုန်းကြီး၏ အကြောင်း ပြချက်ကား၊ မင်းသား အနိဋ္ဌရောက်သည့် သတင်းကို ယခုအချိန်၌အုပ်ဆိုင်း လျှို့ဝှက်ထား သင့်သေး ကြောင်း၊ အကယ်၍ဒိဗရားကြီး၏ ငိုယိုသံများကို စစ်သား များ ကြားသိလျှင် မချအားလျော့ဘွယ်သာ ရှိကြောင်း၊ ထိုအပြင် တဘက်သားရန်သူတပ်သားများအား တက်လာ ပြီး၊ မြို့တွင်းသို့အကြမ်းဝင်ခဲ့သော်၊ သားတော်သမီးတော် များ အသက် ချမ်းသာဘွယ်ရာ လမ်းမမြင်တော့ကြောင်း များကို ပြောဆိုနားချဖျောင်းဖျရလေသည်၊ ထိုအခါ အဆို အက တော်သော၊ ကချေသည်မများကို၊ ရှေ့တော်သို့ ဝင်စေလျှက်ရယ်ဘွယ်အခန်းများ ပါဝင်သောဇာတ်များ ကို ကပြစေရာ၊ တဲ့သာသော ရယ်မောလျက် ရှိသော ကြောင့်၊ မင်းမခန့်ကြီး အနိဋ္ဌရောက်သည်ဟူ၍ ညည်သူမျှ မထင်ချေ။ အစောင့် အစောက်များလည်း တဝေါဝေါ ရယ်မောသည့်အသံသာရှေ့ဘက်သို့ အာခုံမြည်နေကြသဖြင့်၊ ညဉ့်အခါ ဥမင်တူး ပြီး မြို့အပြင်ထွက်လာကြလေသည်။ ဆိပ် ကမ်း၌ အဆင်သင့်စောင့်နေသော လှေပေါ်သို့ တက်ကာ၊

အတန်ငယ် ဖျော်ခတ်ခဲ့ပြီးနောက်၊ ထိုမှတဆင့် ဖော့ကြီး တစင်းနှင့်ဟူဂလိသို့ခရီးထွက်ခဲ့ကြ၏။

မင်းသားနှင့်မင်းသမီးတို့ အသက်အန္တရာယ်လုံချုံ စိတ်ချရပြီဟု-သေချာစွာ သိရသော အချိန်တွင်-မင်းမာန်ကြီး အနီး ရောက်ရောက်ခြင်း ကျေငြာလိုက်လေသည်၊ ဤသို့သိ သည်နှင့်တပြိုင်နက် မင်းမာန်ကြီး ဘက်တော်သား စစ် သည်တော်များလည်း အားလျော့ လက်နက်ချအပ်လိုက် သဖြင့် ပိုင်းရုံထားသော မင်းခမောင်းသည် အလွယ်တကူ မြို့ကို သိမ်းပိုက်ယူငင်ခါ ငမိ၏တူနှင့် တူမတော်များကို ရှာဖွေ၍မတွေ့သောအခါ တိဗျူး၏လက်ချက် မကောင်းဟု သက်သမကောင်း ရှိလေသောလည်း-နန်းတွင်းသူ တဦးက ကလေးနှစ်ယောက်၏ အကြောင်း အလုံးစုံကို-ဇာတ်ဖွင့်ပြီး သံတော်ဦးတင်သဖြင့် အကြောင်းမျိုးစုံကိုကြား ကာလ မင်းခမောင်းလည်း မင်းမာန်ကြီး အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနေပြည်တော်သို့ပြန်လေ၏။

ဟူဂလိမြို့တွင် မင်းသားအား-စိန့်နှစ်ကိုလပ် ကျောင်း တိုက်တွင်အပ်နှံ ထားရာ-ကျောင်းအုပ်ဘုရင်ဂျီ ဘုန်းကြီး က မင်းသားနှင့် မင်းသမီးကလေးတို့၏ အဖြစ် အပျက်များ ကို-ဂိုဝါမြို့နေဘုရင်ခံထံ အစီရင်ခံစာရေးသားတင်သွင်း လိုက်သောအခါ ငယ်ရွယ်သူများ ဖြစ်ကြသေး၍-ဘုရင်ဂျီ ဘာသာသို့ မသွင်းရန် အမိန့်ပေးလိုက်ရုံမှတပါ-လူရဟာ တနဲ့တို့၏ အဆင့်အတန်း မှီနေထိုင်နိုင် စိမ့်သောငှါ ငွေ

တော်လည်း ချိုးမြှင့်တောက်ပံ့လိုက်လေသည်။ မင်းသမီးကို မှုကား ကျောင်းတိုက်တွင် မထားဘဲ-ပေါ်တူဂီ လူရာတန် အမျိုးသမီးများထံတွင် အပ်နှံ၍ကာ ငွေကြေးပေးကမ်းထား၏။ မင်းသားကလေးကား-၆ နှစ်သားအရွယ်မှ-၁၁ နှစ်သား အရွယ်ထိ ဗိန္ဒနှစ်ကိုလပ် ကွန်ဗင့်ကျောင်းတွင် နေရစဉ် ဘုရင်ကျိဘာသာနှင့် စပ်လျဉ်းသော တရားစာစာအုပ်များကိုရင်း၊ သူ့ရဲကောင်းအာဇာနည်များ၏ အပူအစဉ် အထွေထွေများ-ရာဇဝင်များ ကိုရင်း-ဘတ်ရှုခါကြိုးပြင်းလာခဲ့ရ၏။

ဒေါင်မာတင်ဖြစ်လာ၍သော ရခိုင်ငယ်ကလေး ဖတ်ရှုသည့် စာအုပ်များအနက် ဗပိန်နှင့်ပေါ်တူဂီ သူ့ရဲကောင်းများအကြောင်း၊ ဗြိတိန်နှင့်မကန်တိုင်းပြည်များကို တိုက်ခိုက် သိမ်း သွင်း ပုံများ။ ရေကြောင်း ဘက်တွင် ရဲဝန့်စွန့်စားစွာ သွား ပုံများ ကိုလည်းဘတ်ရှုရ သဖြင့် ရဲစိတ်များတဖွားဖွားတက်ကြွလာပေ၏၊ဟူဂလိအရပ်၌ရှိလူ့ရာတန်များနှင့် ပေါင်းသင်းဆက်ဆံရသည့်ပြင် မိမိ၏ ဆရာ ဖြစ်သော အင်တုန်နီယိုဗိစနိဗိဆင်တီးကလည်း လူမှုလူ့ရေး မှစ၍ ကိုယ်ကျင့်တရားများ ကောင်းမွန်လာရန်-နိုင်ငံတော် အမြဲမပြတ် သွန်သင်ဆုံးမခြင်း ခံယူရသည့်အတွက်-မိမိကိုယ်ကိုပေါ်တူဂီသူမျိုးလူ အတိုးတန်ကြီးတဦး ဖြစ်လာစေရန် လုပ်ဆောင်တော့အံ့ဟု သန္နိဋ္ဌာန် ချမှတ်လိုက်လေသည်။ မိမိ၏ရည်ရွယ်ချက် ထမြောက်ရေးအတွက်-ပေါ်

တူဂီလူဂုဏ်တန်ချာနှင့် ရင်းနှီးစွာပိုရှိ၍ပေါင်းသင်း နိုင် စိမ့်သော၌ ဘုရင်ဂျိဘာသာကိုင်မှသာလျှင် ခရီ ရောက် မည့် အရေးကို-ကောင်းစွာ သိမြင်လျှက်။ ၁၆၁၉ ခုနှစ်၊ တခုသော တနင်္ဂနွေနေ့-၁၃ နှစ်သား အရွယ်တွင်-ဘုရင် ဂျိဘာသာသို့ ကူးပြောင်းပေးရန် တောင်းပန် လေတော့ ၏။ မင်းသားကလေး တောင်းပန်ပါသော်လည်း ရုတ်တ ရက် ဘာသာ ကူးပြောင်း မ ပေး သေး ဘဲ-စိန့်နှစ် ကို လတ်ကျောင်းတိုက်ရှိဘုန်းကြီးများနှင့် ညှိနှိုင်းတိုင်ပင်ပြီး မှ-ပွဲတော်ချက်နေ့ကောင်း နေ့ရက်တခုကို ရွေးချယ်လျှက် မင်းမာန်ကြီး၏ သားတော်နှင့် သမီးတော်တို့အား-ရှေးကျ သည့် ပေါ်တူဂီအမျိုး အနွယ်မှ နာမည်နှစ်ခုကို-ရွေးချယ် ပြီး မင်းသမီးအား-(ပက်ထရီနီးသာ) မင်းသားအား (မာတင်) ဟူသော ဘုရင်ဂျိ နာမည်များ မှည့်ခေါ် လိုက် လေ သည်။

## ပေါ်တူဂီမျိုးအရေးနိမ့်ခြင်း။

မင်းမာန်ကြီး အနိစ္စရောက်သောအခါ စစ်တကောင်း မြို့၌-အခြားမင်းသားတပါးကို ခန့်ထားလိုက်၏။ ဤဘုရင် သစ်ကား ရခိုင်မင်း၏ ကျေးဇူးသစ္စာတော်ကို မသွေမဖီ ရိုးဖြောင့် တည်ကြည်စွာ စောင့်ရှောက်သည့် အတွက် တီဗျူးနားလှည့်ရာသို့ မပါနိုင်သဖြင့် တီဗျူးမှာ-မကြံနိုင် လက်မှိုင်ချခဲ့တော့မည်ဆဲဆဲရှိနေပ၏။ ဝိတ်ဘူးပေါ်လာဖြန် သည်နှင့် ဂိုဝါမြို့ဘုရင်ခံထံသို့ ရခိုင်ထီးနန်းသိမ်းပိုက်ရေး

အတွက် တင်လျှောက်သောအခါ၊ ဘုရင်ခံလည်း ကြိုက်ညီနှစ်သက်သဘောတူကာ၊ ဒေါင်ဖရန်ဝပ္ပကိုးဒီဂျိုဖုံးအား ၁၆၁၄ ခုနှစ်တွင် စေလွှတ်လိုက်ရာ၊ သင်္ဘောကြီး ၅၀ နှင့်သင်္ဘောငယ် ၅၀ ပါဝင်သော၊ ပေါ်တူဂီ ရေတပ်ကြီးသည်၊ နိုဝင်ဘာလ ကြည်လင်သောနေ့တနေ့၌၊ စစ်တွေမြို့အနီး ကုလားတန်မြစ်ဝ၌၊ ရခိုင်ရေတပ်ကြီးနှင့် တိုက်ပွဲကြီးဖြစ်သွားလေ၏၊ မြောက်ဦးမြို့တော်ကား ပင်လယ်ကမ်းနှင့်မိုင် ၅၀ ခန့်ကွာဝေးလျက် မြစ်ဝ၌၊ ချောင်းငယ် အသွယ်သွယ်ရှိ၏၊ တီဗိုးတို့ ကုလားတန် မြစ်ဝမှ ဆန်တက် လာကြလျက် မကြာမီပင် ဦးရစ်တောင်အနီးသို့ရောက်သောအခါ၊ ဒတ်လူမျိုးများပါဝင်သော ရခိုင်ရေတပ်က ရေစီးနှင့် အလိုက်သင့်ရန်ဆင်း တိုက်ခိုက်ခဲ့သည့်အတွက် အရေးသာလျက် ညနေချမ်းသို့ရောက်လျှင် ဂိုဗီ ကိုကျည်သင့်၍ တပ်နှင့်ကာ ဆန်ဒွတ်ကျွန်းသို့ ဆုတ်ခွာကြကုန်၏၊ ထိုမှတဆင့်ဂိုဝါသို့ ဆုတ်ခွာကြလေသည်၊

တီဗိုးအရေးရှုံးနိမ့် အကြံပျက် ပြားသော် ၎င်း၏ဘြဇာအာဏာလျော့ပါးကာ လက်အောက်ခံ ဗိုလ်အချို့နှင့်ငယ်သားများပါ ခွန့်ခွာသွားကြလေ၏၊ သို့နှင့်တီဗိုးအင်အားဆုတ်ယုတ်နေခိုက် မင်းခမောင်းလည်း နိုင်လိုက်သည့်အချိန်နှင့် လူသူရဆောင်းပြီးလျှင် ဆန်ဒွတ်ကျွန်းသို့ လာရောက်စီးနင်း၍၊ တကျွန်းလုံးကို အနိုင်ရသောအခါတွေ့သမျှသော ပေါ်တူဂီများကိုသတ်ဖြတ်လေ၏၊ တီဗိုးကား

အတင်ခံရမည့်ဂုဏ်ကိုရတော့မည်ဟု တွေးတောကာဝမ်းသာစွာနှင့်ထွက်ခွါခဲ့၏။ယခုကဲ့သို့ မာတင်ရေကြောင်းတပ်သို့ အမှုထမ်းသည့်အချိန်၌-မင်းခမောင်းနတ်ရွာစံ၍၊ မင်းခမောင်း၏သားတော်(မာတင်၏နှောင်တော်) ဖြစ်သူ†သီရိသုဓမ္မာနန်းတက်၍ ၂ နှစ်ကြာပေပြီ။

မာတင် ၃ နှစ်ကျော် ၄ နှစ်ကာလ ပတ်လုံး၊ ပါးရှားပင်လယ်ကွေ့၌ အမှုတော်ထမ်းရွက်နေရစဉ်၊ စိတ်အားမလျှော့ အားကြိုးမာန်တက် ထမ်းရွက်လျက်ရှိပေ၏။ ထိုအတောအတွင်း၌၊ တိုက်ပွဲပေါင်းများစွာ၌တွင်၊ မာတင်ဝင်ရောက် တိုက်ခိုက်ရ၏။ တိုက်ပွဲ တိုင်းတွင်- ယောကျ်ားကောင်းပြီသစွာ အသက်ကို တံတွေးပေါက်တမျှ မှတ်ထင်ပါ-သက်စွန့်ကြိုးပမ်းထမ်းရွက်သည့် အခြင်းအရာကို မြင်ရဖန်များလတ်သော်၊ ရှေးလွန်လေပြီးသော တိုက်ပွဲများမှ သေသား ကျန်ရစ်သူများကပင်လျှင် မာတင်အား လူသတ္တိခဲဘလေးပါတကားဟု ချီးမွမ်းဘဲမနေနိုင်တော့ချေ။ မာတင် ၂၁ နှစ်သား အရွယ်၌၊ပသျှူးကျွန်းဆွယ်ဘက်အာချင်မြို့ရှိပေါ်တူဂီရပ်ကွက်ကိုတိုင်းရင်းသားတို့၏ဘေးအန္တရာယ်မှကယ်တင်ရမည့်စစ်ပွဲတခုပေါ်ပေါက်လာလေ၏။

---

† သီရိသုဓမ္မာ ၁၆၂၂ ခုနှစ်က နန်းတက်သည်၊ ဖယ်ရာရေးမြန်မာရာဇဝင် မျက်နှာ ၃၀၃။

အရေ-ချစ်လှစွာသော အမိ၏ထံပါးမှ ဝမ်းနည်းစွာခွဲခွာပြီး၊ ဆရာဖေါ်သားဖက်ကင်းတီနှင့်အတူ ဂိုဝါမြို့သို့ထွက်ခွာခဲ့ပေ၏ ဂိုဝါမြို့သို့ရောက်လျှင်၊ ပေါ်တူဂီဘုရင်ခံချုပ် ရှေ့တော်သို့ လည်းမကြာမကြာဝင်ရ၏။ ပေါ်တူဂီလူရွယ်တန်းများနှင့် လည်းပေါင်းသင်းဆက်ဆံရ၏။ ပညာကိုလည်း ကွန်ဗင့် ကျောင်း၌ ဆက်လက်သင်ကြားဆည်းပူးရသဖြင့်၊ ဥာဏ် ပညာအမြော်အမြင်နှင့် ပြည့်စုံသော သူရသတ္တိ စိတ်ဓါတ် လည်းတိုးပွါးလျက်ရှိ၏။ လက်နက်ကိုင်စွဲကာ တိုက်ခိုက်လို သော စိတ်ဓါတ်လည်းပြင်းပြစွာ တိုက်တွန်းနှိုးဆော်လျက် ရှိသောကြောင့်၊စစ်ဘက်ဌာနတွင် ဝင်ရောက်ထမ်းရွက်လို သောအာရုံစွဲကပ်ခါ နေ့ညဥ့်မဲအငွဲကြီးစွဲနေရကား။ဆရာ ဘုန်းကြီးကဘုရင်ခံချုပ်ထံ တင်လျှောက်ပေးသဖြင့်။ ၁၈ နှစ်သားအရွယ်၌၊ရေတပ်သို့ဝင်ခွင့်ရလေသည်။

## မာတင်နှင့်ရေဘပ်။

ဘုရင်ခံချုပ်ထံမှခွင့်ရ၍-ရေတပ်သို့ဝင်ရာ။ ပဌမလက် နက်ကိုင် (ကေဒက်) ဝင်သော အဖြစ်ထမ်းရွက်ရ၏။ ၎င်း နောက်ပါးရှားပင်လယ်ကွေ့သို့အဝင်။ ဒိုမတ်စစ်စခန်း၌၊ စစ်ဗိုလ်ကြီးဖြစ်သူ ဒွတ်တိန်ဖရဲဒီ ရှီအန်ဒရေဒါး၏ ရေတပ် သို့ပို့လိုက်သောအခါ။ဝေးလံသောခရီးကိုပထမဆုံးအကြိမ် ထွက်ခွါလာခဲ့ရခြင်းပင်ဖြစ်၏။ထိုအခါမာတင်၏ စိတ်ဝယ် ငါသည်သူရဲကောင်းတဦးအဖြစ်နှင့် ကမ္ဘာ့ရာဇဝင်မှာစာ

ထိုအချိန်သည်ကား၊ ပေါ်တူဂီနိုင်ငံကို †၁၅၈၀ ပြည့်နှစ်မှ၊ ၁၆၄၀ ပြည့်နှစ်အထိ၊ အနှစ်-၆၀-ကာလ ပတ်လုံး စပိန်တို့ကသိမ်းပိုက်အုပ်ချုပ် နေသည့်အတောအတွင်းဖြစ်ရာ၊ ပေါ်တူဂီလူမျိုးများ ဝေးလံသောအရပ်ဒေသတို့၌၊ ဖြစ်ပွါးနေသောအရေးကိစ္စများကို အာရုံမပြုနိုင်ရုံမျှမက၊ နယ်သာလန်ပြည်နှင့်စပိန်တို့စစ်မက်ဖြစ်ပွါးနေ၍၊ အရှေ့ဘက်သို့စစ်ကူမထွက်နိုင်ချေ၊ သို့ကြောင့် ဒတ်ချ် လူမျိုးများသည် ပေါ်တူဂီလက်မှ၊ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းနှင့်ပိုင်နက်များကိုပါ လုယူကြ သေတော့သည်၊ အာချင်စစ်ပွဲကို တိုင်းရင်းသားတို့အောင်မြင်ခဲ့သော် မလက္ကာရေလက်ကြားကို ပိတ်ဆို့ထားလိမ့်မည်၊ ထိုအခါ ကမ္ဘောဇ ပင်လယ်ကမ်းရိုးတန်း အထိ၊ ပေါ်တူဂီပိုင်မာကိုကျွန်း သွားလမ်းပိတ်နေမည်ဖြစ်၍၊ အလွန်အရေးကြီးသော အချိန်အခါပင်ဖြစ်လေ၏၊

ထိုသို့အရေးကြီးသော စစ်ပွဲတိုက်ရမည့်အချိန်လောက်တွင်၊မာတင်သည် ပါရှားပင်လယ်ကွေ့မှ၊ ဂိုအာမြို့သို့ ပြန်လည် ရောက်ရှိခိုက်ကြုံသည်နှင့် ၎င်း၏နှုံးရည် လက်ရုံးရည်များ၏ မှတ်တမ်း ကောင်းမွန် ထူးချွန်သည့် အတွက်၊ အရှယ်ပင်ငယ်သော်လည်း၊ တိုက်သင်္ဘောကြီးတစင်းပေး

† ၁၅၈၀ ခုမှာ၊ သူ့ကျွန်ဘဝသို့ရောက်ပြီး။၁၆၄၀ ခု မှာ၊ လွတ်မြောက်လာ၏။ ယခုနှေပြန်ရေတွက်လျှင်၊ အနှစ် ၃၀၀ ကျော်ခဲ့လေပြီ။

အပ်ခါ၊ ကပ္ပတိန် ရာထူးသို့ ချီးမြှင့်လိုက်၏။ ဤအချိန်၌ ဂိုဝါမြို့ကို ဘုရင်ကျ ဘုန်းကြီးတပါးက ခေတ္တဘုရင်ခံ အဖြစ်နှင့် ဆောင်ရွက်နေရ၏။

ဤအချိန်ကား မာတင်ငွမ်းရည်ပြရန် အသင့်လျော်ဆုံးသော အချိန်တည်း။ လှေကြီး-၃၀-ပါဝင်သော ပေါ်တူဂီရေတပ်ကိုဒေါင်ဖရန်စစ္စကို-ဂေါ်တီနိုဒယ်စင်းကကြီးမှူးအုပ်ချုပ်လာခဲ့ရာ၊ အာချင်မြို့နှင့် နီးသောအခါ၊ ပသျှူးစစ်လှေကြီး-၆၀-လှေငယ်အမြောက်အများနှင့် ဆီးကြို၍တိုက်ခိုက်ရာ၊ မာတင် တို့ကလည်း (ဆင်တီအားရိုး) အမည်ရှိသောပေါ်တူဂီအမျိုးသားသီချင်းကိုဆိုကာ၊ အလံတော်ကိုဖွင့်၍ တိုက်ခိုက်ကြ၏၊ ပေါ်တူဂီတို့လည်းအဝေးမှလှမ်း၍ ပစ်ခတ်ပြီး အတန်ငယ်ကြာလျှင်၊ ရန်သူတို့အနီးသို့ ချဉ်းကပ်လျက်၊ လှေချင်းယှဉ်ကပ် တက်ရောက်ထိုးခုတ် တိုက်ခိုက်ကြပြန်၏၊ ဤသို့မတောက်မီ၊ ရန်သူအင်အား လျော့ပါးသွားရန်၊ လက်ပစ်ဗုံးများနှင့်ပစ်ခတ်ရ၏၊ မာတင် ကြီးမှူးအုပ်ချုပ်သော တပ်သား တို့ကား၊ မိမိတို့ တိုက်ခိုက်သောလှေကြီးပေါ်မှ၊ ရန်သူစစ်သားအားလုံးတို့ကို၊ သတ်ဖြတ်နိုင်ရုံမျှမက၊ သင်္ဘောကိုလည်း မီးတိုက်ဖျက်ဆီးလိုက်ကြ၏။ မာတင်လည်း ဒဏ်ရာတချက်မျှ ရလေသည်၊ ဤမျှရဲဝန့်ငွန့်စား၍ တိုက်ခိုက်သည့် ငွမ်းရည်ကို ဂိုဝါ ဘုရင်ခံချုပ်သည်၊ စပိန်ပြည့်ရှင် ဒုတိယမြောက် ဖိလစ်ဘုရင်အား ရေးသားတင်လျှောက်ပါသော်လည်း၊ မှူးကြီးမတ်ရာ သေနာပတိတို့

ဘား၊ စပိန်လူမျိုးများချည်းဖြစ်ကြသည့်အတွက်၊ အချိုးအပြောက်မခံရချေ။ သဘင်ဘား ဘုရင်မင်းဘောရေစ် အချိုးအပြောက်ကိုမခံရဖြားသေးသည်။ စိတ်ပျက်အားလျှော့ခြင်းအလျဉ်းမရှိ၊ ကြိုးစား ထမ်းရွက်လျက်ပင် ရှိရေး၊ အဆိုပါ မလက္ကာစစ်ပွဲကြီး ပြီးလျှင်၊ စစ်ဗိုလ်ကြီး ဒေါင်အယ်ဗားရက် လက်အောက်သို့ပြောင်းရွှေ့ ထမ်းရွက်ရလေရာ ၁၆၂၆ခုနှစ်တွင်၊ အာချင်အရင်ဦးပင် စစ်ပွဲထင်မံတိုက်ခိုက်ရပြန်၏။ ၁၆၃၀ ခု တွင် ဘား၊ ဒတ်ချ် များနှင့် အင်္ဂလိပ်စသည့် တို့အားတိုက်ခိုက်ရလေသည်။ ဤသို့တိုက်ခိုက်ရသည့်တိုက်ပွဲတခုတွင် ဒတ်ချ် သင်္ဘော တစင် ကို ပေါ်တူဂီတို့က ဖမ်းဆီးကြစဉ်၊ ဒီဒိတ်ဘက်မှ စစ်ဗိုလ်ကြီးသည် လက်အောက်ငယ်သား တဦး၏ အသက်ကို ကယ်ဆယ် နေခိုက် သင်္ဘောကိုမီးလောင်စေ၍၊ သင်္ဘော တစင်းလုံးကို မီးဟုန်းဟုန်းတောက်လောင်သည့် အခါ၊ ပါတင်သည်၊ အသက်ကိုပမာနမထားဘဲ၊ ဝိုင်းဝန်းကူညီသည့်အတွက်စစ်သူကြီး၏ချီးမွမ်းခြင်းကိုခံရပြန်လေသည်။

နောက်ထပ်-၁၀-နှစ်ခန့်သော ကာလပတ်လုံး၊ ရေတပ်တွင်ပင် အဆက်မပြတ် အမှုထမ်းရွက်နေသည့် အတွင်း၌ တိုက်ပွဲများ မကြာမကြာခင်းကျင်းရနေသေးသည်။ ဒတ်ချ် တို့ အင်အား ပြည့်ဖြိုး ချိန်သို့လည်း ရောက်လာသည့်ဖြင့်၊ ပေါ်တူဂီတို့၏ဘုန်းတံခိုးညှိုးမှိန်လာသည့်အတွက်၊ ရှေးအခါကကဲ့သို့ အောင်ပွဲ များစွာ မရသေးသည်။ ဒတ်ချ် တို့

သည့် ပေါ်တူဂီတို့အား၊ အမြစ်မှ တူးဖြို ဖျက်ဆီးခြင်းငှာ မတတ်နိုင်ချေ။ ဤအချိန်ကာလ သက္ကရာဇ်-၁၆၄၀-ပြည့်နှစ်၊ မာတင် အသက်-၃၄-နှစ်အရွယ်သို့ရောက်လေပြီ။ ရခိုင် ထီးနန်းကို ရရှိရန် အရေးမှာလည်း၊ အရိပ်အရောင်မျှပင် မမြင်ရ ရုံမျှက၊ ပေါ်တူဂီပြည်ကို စပိန်တို့ သိမ်းပိုက်ထား သောကြောင့်လည်း မာတင်၏အကြံပျက်မယောင်ရှိလေ၏။

## မာတင်နှင့် ပေါ်တူဂီဘုရင်။

၁၅၈၀ ပြည့် နှစ် မှသည်၊ ၁၆၄၀ ပြည့် နှစ် အထိ၊ အနှစ်-၆၀-ပတ်လုံး၊ ပေါ်တူဂီ ပြည်ကို စပိန် မင်းကပင် သိမ်းပိုက်ထားခြင်းကြောင့်ပေါ်တူဂီတို့နှလုံးမသာနိုင်၊ စပိန် အမတ်ကြီး တို့၏ ချုပ်ချယ်မှုကို ခံနေရသည့် အတွက်၊ ပေါ်တူဂီပိုင် ပင်လယ်ခြားရာဒေသတို့မှာလည်း၊ အင်အား ကြိုကြီးဖြေ့တော့လျက်ရှိပေ၏။ ပေါ်တူဂီ လူဂုဏ်တန်များ သည်၊ စပိန်တို့၏အပြုအမူများကို၊ တနေ့တခြား မခံရပ်နိုင် ပြီးသော်၊ ၁၆၄၀ ပြည့်နှစ် ဒီဇင်ဘာလ အတွင်း၊ ပုန်ကန် ထကြွ၍အောင်မြင်လျှင်၊ ထီးမွေနှင့်အနီးဆုံးသောဘရာဂန် ဇာ မင်းသားကြီး အား၊ စတုတ္ထဂျွန်မင်းဘွဲ့အမည်တော်ဖြင့် လစ္စဘွန်းမြို့တွင်နန်းတင်လိုက်လေသည်။

ပေါ်တူဂီ ထီးနန်းအညွန့်တက်လာသောအခါ၊ အိန္ဒိယ ပြည်ရှိ ပေါ်တူဂီများအား တက်လာ ပြီးလျှင်၊ အနှစ်-၆၀ ပတ်လုံးအနေအထားမကျ၊ ဘာစဉ်ကလျှော့ဖြစ်နေသော လုပ် ငန်း အရပ်ရပ်တို့ကို၊ ပြန်လည် ထူထောင် တော့မည်ဟု

အားခဲလျက် ရှိလေသည်။ ဤအချက်များကား မောင်တင် အတွက် အချက်ကောင်းပင် ဖြစ်ရာ၊ ယခုကဲ့သို့ အခွင့်အရေး ပေါ်ပေါက်စဉ် ပေါ်တူဂီ ပြည့်ရှင် ရှေ့တော်မှောက် သို့ သွားရောက်ပြီး၊ မိမိလိုလားချက်များကို၊ မောင်တင် မလျှောက် နိုင်ခဲ့သော်၊ မြော်သင့်ချက်မရှိတော့ကြောင်းကိုကောင်းစွာ စဉ်းစား မိလေသည်။ အကယ်၍ ပေါ်တူဂီ တို့၏ အကူအညီဖြင့်၊ ရခိုင်နန်းကို ရစေဦး တော့၊ ရှည်လျားသော ပင်လယ် ကမ်းရိုးတန်းကို၊ ဒတ်ချ်တို့ နှောင့်ယှက်ခြင်း ဘေးမှ ကင်းဝေးစေရန်ပေါ်တူဂီနှင့် မဟာမိတ်အဖြစ် ဆက်လက် နေထိုင်မှသာဒတ်ချ်တို့၏ ဘေးအန္တရာယ်မှ၊ကင်းဝေးတန် ရာသည်။ ထို့ကြောင့် ဤရည်ရွယ်ချက်အတိုင်း ထမြောက် နိုင်ဆောင်ရွက်တော့အံ့ဟုနှလုံးပိုက်လိုက်လေသည်။

နွေရာသီကုန်၍ဆောင်းရာသီအကူးတွင်၊ ဂိုဝါမြို့မှစပိန် ပြည်သို့ ရွက်ထွက်ခွာလာသော သင်္ဘောတစင်းပေါ်တွင် မထင်မရှားလိုက်ပါလာသောအသက် ၃၆ နှစ်ခန့်ရှိလုလင် ပျိုတဦးဘား။ မျက်မှောင် ကြုပ်ခါ အကြံ ထုတ်လျက် ရှိ သည့် အလျှောက်၊ ပင်လယ်၏ အရသာကို ခံစား နိုင် လောက်အောင်ပင်။ သို့သော—သို့သောလေတွေးတောလိုက်ပါ လာသည်ကိုတွေ့နိုင်ပေ၏။ ထိုသူငယ်ကား အခြားမဟုတ်၊ မင်း မခန် ကြီး ၏ တဦး တည်းသော သားတော် ကမ္ဘာ့ဘိန် ဒေါင်မောင်တင်တည်း။ ဂိုဝါဘုရင်ခံမင်းကြီးသိခဲ့သော် ကန့် ကွက်မည့်အရေးကို စိုးရိမ်မကင်းရှိသည့်အတွက်၊ တိတ်

ဘသိတ်ကြိတ်၍ ထွက်ခွါလာခဲ့ခြင်းပင်ဖြစ်လေသည်၊ ခရီးစရိတ်-စားသောက်နေထိုင် တည်းခိုရေး၊ ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ရောက်သံတော်ဦးတင်ရန် ကိစ္စများအတွက်ကား၊ ဂိုဝါမြို့တွင် မိမိငယ်စဉ်ကပညာသင်ကြားပေးဘူးသောဘုရင်ကျွဲဘုန်း ကြီးများကစီစဉ်ပေးလိုက်သဖြင့်၊ စိတ်ပူပန်ဘွယ်မရှိသလောက်ပင်ဖြစ်လေသည်။

ရှေးခေတ်အခါက၊သမုဒ္ဒရာများကိုဖြတ်သန်းသွားလာရသောခရီးမှာ၊ဘေးအန္တရာယ်ထူပြောသည်မှန်သော်လည်း လစ္စဘွန်းမြို့သို့ ၁၆၄၃-ခုနှစ် ဆောင်း ရာသီ မကုန်မီရောက်ရှိလာ၏၊လစ္စဘွန်းမြို့သို့ရောက်သောအခါ၊ သာသနာရေးဆိုင်ရာ ကျောင်းများ၌၊ ခေတ္တတည်းခို နေခိုက်ဂိုဝါမြို့၌မာတင်၏ ဆရာဟောင်းဖြစ်ဘူးသူ၊ ဖါးသားကော်တီနိုနှင့်တွေ့ကြရ၊ ဆရာတပည့်တို့ ဝမ်းမြောက် ဝမ်းသာ စွာနှင့်ဖက်ရမ်းနှုတ်ဆက်ကြလေသည်။ ထို့နောက်ဒိန္ဒိယပြည်၌နေခဲ့ဘူးသူမိတ်ဆွေဟောင်းများကအကြောင်းဆက်သွယ်ပေးသည့်အတွက်ဂိုဏ်းချုပ်ဘုန်းကြီးရှေ့သို့ဝင်ခွင့်ရလေသည်၊ရင်းနောက်ပေါ်တူဂီ လူဂုဏ်တန်များနှင့်လည်း မိတ်ဆက် ပေးသောကြောင့်၊ အပေါင်း အသင်း ဝင်ဆန့်သည်ထက် ဝင်ဆန့် လာပေ၏၊ သုံးစွဲရန် ငွေကြေး အထိုက် အလျောက်ကိုလည်း၊ ဆရာဘုန်းကြီးထံမှရလေသည်၊ ယခုအခါ မာတင်သည်၊ မိမိ၏ရည်ရွယ်ချက်ပန်းတိုင်နှင့်တနေ့ဘ[illegible]နီးကပ်လာခဲ့ပြီဖြစ်သော်လည်း၊ ဘုရင့်ရှေ့တော်သို့

အခစားဝင်သောအခါမှ၊ဝေးလံသောပင်လယ်ခြားရာတိုင်းတပါးမှ၊ မင်းသားတပါး၏သိုက်လျှောညီညွတ်သော ဝတ်စားတန်းဆာကားဝတ်ဆင်ရန်မရှိသေချေ။သို့သော် ဒေါင်ခါတင် ဘုရင်ဖြစ်က၊ ဒိဒိတ္တ သာသနာခြည်မျှပွင့်လန်းလာခြည်ကို၊ သိရှိနိုင်ပြီးသော သာသနာဘက်ဆိုင်ရာဘုန်းကြီးများကသူငယ်၏ရှေးဖြစ်ဇာတ်ကြောင်းကို၊ ဂျွန်အော့အယ်ဘတ်စ်တမီအား ပြောကြားလျှက်၊ အကူအညီတောင်းရာ၊ရှေးခေတ်မင်းညီခင်းသားတို့၏ အဝတ်တန်းဆာတို့မှာ၊အဘိုးများစွာ ထိုက်တန်သည့်မှန်သော်လည်း၊ကုန်ကျစရိတ်ကိုပမာနမထားဘဲ၊ အောက်ပါအတိုင်းစီမံပေးလိုက်၏၊

(၁)မိုးကိုယ်ကြွင်အင်္ကျီနှင့် ခြေအိတ်ရှည်၊(၂)သားမြီးငှက်တောင်စိုက် ဦးထုပ်၊ (၃) ကြယ်သီးတပ် ရှူးဘိနပ်၊(၄)သံချုပ်လက်အိတ်ရှည်၊(၅)ကျောက် စီ ဒါးလွယ်(၆)စစ်မြင်းကြီး၊ (၇)နောက်တော်ပါ လက်ပါးစေ လူမျိုးတော်၊(၈)သုံးဆွဲရန်စရိတ်များ။

ဖါးသားကော်တီနို လျှောက်ကြားပေး၍၊ ရှေ့တော်သို့ဝင်ရောက်ခစားရလေ၏။ (မည်သို့မည်ပုံပြောဆိုကြသည်ဟူ၍ မှတ်တမ်းမတွေ့ရသော်လည်း။) ပေါ်တူဂီ ဘုရင်ကလိုအင်သောအကူအညီများပေးမည်ဟူ၍၊ကတိပေးလိုက်လေ၏။ မင်းသားလည်းချက်ခြင်းပင်ပြန်လာရန် စိတ်ကူးလင့်ကစား၊ ရာသီမညီမညွတ်သော၍၊ တရာသီငံ့နေပြီးမှ၊လစ္ဗွန်းမြို့သို့ထွက်ခွါလာခဲ့၏။ရခိုင်နန်းဦးကို ဆက်ခံအုပ်

ရိုးအံ့ဟု အကြီးအကျယ်ကြီးကြွယ်ကြိုးစားခဲ့သော ရခိုင်မင်း သားဒေါင်မာတင်သည်၊ ဘုရင်ဖြစ်ရန်ကံမပါသဖြင့်၊ ကိုဝါမြို့ သို့မရောက်မီလမ်းခရီး၌ပင်၊ မည်သည့်ကိုမျှ ထောက်ထား ညှာတာလေ့မရှိသောမရဏမင်းသူ့ခံတွင်းသို့သက်ဆင်း လိုက်ပါသွားရှာလေသည်။

[ ပြီး ပြီ ]

၁၉၃၆ ခု၊ ဇန်နဝါရီလ သူရိယမဂ္ဂဇင်းတွင်၊ ဟံသာဝတီ ဦးဘရင်ရေးသားသော ဒေါင်မာတင်ဆောင်းပါး မျက်နှာ ၁၀၃ ၌ "ဒေါင်မာတင်လည်း ဘုရင်မင်းမြတ်ကို အရှိအသေပြုပြီးလျှင် ကိုဝါမြို့သို့ပြန်လာစောင့်ဆိုင်းနေလေသည်။ ထိုနောက်များမကြာမီ ပေါ်တူဂီပြည်ဘုရင်လည်း ဒေါင်မာတင်အားကတိအတိုင်းစစ်သည်အမြောက်အများ ဒေါင်မာတင်ထံပို့ရာ ရခိုင်ပြည်ကြီးကိုသိမ်းပိုက်ရန် ချီတက်လာရာ" ဆိုသောစာပိုဒ်များ၏ ခိုင်မာသော အထောက်အထားကို၊ ပေါ်တူဂီမှတ်တမ်းအရပ်ရပ်တွင်မတွေ့ရချေ။

# မော်စီတုံး

## တရုပ်သူရဲကောင်း

### ကွန်မြူနစ်ခေါင်းဆောင်ကြီး၏အတ္ထုပ္ပတ္တိ။

မော်စီတုံး ကိုယ်တိုင် ရေးသားသည့် အတ္ထုပ္ပတ္တိကို မြဒေါင်းညိုက ချောမွေ့စွာ ဘာသာ ပြန်ဆိုထားသည်။ ကွန်မြူနစ်ဝါဒ လေ့လာ သူတိုင်း သတိ ပြုမှတ် သားသင့် သောတရုပ်ကွန်မြူနစ်ခေါင်းဆောင်ကြီး၏ လက်တွေ့လုပ်ငန်းများပါသည်။ မော်စီတုံး ဟောပြောချက်(ဒီမိုကရေစီသစ်)လည်းပါ သည် ရိုက်နေပြီ။